ဖွန် (၁၆)

**မိမိငွေကြေးများကို ကွယ်လွန်ချိန် မိမိနှင့်အတူ ခေါ်ဆောင်သွားနိုင်သော်လည်း ၎င်းကို ကြိုတင်ပို့ထားနိုင်ပါသည်။**

**ဘုရား**သခင်နှင့် သူ၏အမှုတော်တို့နှင့် ပတ်သက်လာလျှင် ၎င်းက ပေးကမ်းရန်အတွက် ကောင်းမွန်သင့်လျော်သော လုပ်ငန်းပင်ဖြစ်သည်။ ၎င်းက အမြင့်ဆုံးဖြစ်နိုင်ခြေရှိသည့် အတိုးနှုန်းနှင့် အမြတ်အစွန်းဝေစုကို ပေးသောကြောင့် ကောင်းသော ရင်းနှီးမြှုပ်နှံမှုဖြစ်ပြီး ယင်းကအခြားမည်သို့သော ရင်းနှီးမြှုပ်နှံမှုမျိုးထက်မဆို သာလွန်ပြီး အဆတစ်ရာမကသော အကျိုးအမြတ်ကို ဤဘဝအသက်တာနှင့် နောင်လာမည့်ကမ္ဘာ ထာဝရအသက်တာ၌လည်း လက်ခံရရှိစေမည်ဖြစ်သည်။ (မာကု ၁၀:၃၀)

ဘုရားသခင်၏ နိုင်ငံတော်တွင် ချမ်းသာကြွယ်ဝဆုံးသော သူတို့သည် ဘုရားသခင်နှင့် သူ၏ သားသမီးများတို့နှင့်အများဆုံး ဝေမျှခံစားခဲ့ကြသူများသာလျှင် ဖြစ်ကြပေမည်။ သို့သော် အခြားအရာနှင့် ဆန့်ကျင်ဘက်ဖြစ်သော အကြောင်းအရာကိုလည်း ကောင်းကင်တမန်တို့က သူမ၏ ကောင်းကင်ဘုံအိမ်ရှိရာသို့ ခေါ်ဆောင်သွားခဲ့သော တကိုယ်ကောင်းဆန်သည့် အမျိုးသမီးတစ်ဦး၏ အကြောင်းအရာနှင့် သရုပ်ဖော်ထားသည်။ အခြားခရစ်ယာန်များ နေထိုင်ကြသည့် အလွန်လှပသော အိမ်ဂေဟာကြီးများကို ကျော်လွန်ခါလမ်းလျှောက် ဖြတ်သန်းလျက် နောက်ဆုံးသေးငယ် နိမ့်ကျသော အိမ်ကလေးများရှိရာသို့ ရောက်ရှိလာခဲ့သည်။

ကောင်းကင်တမန်က သူမအား အလွန်သေးငယ်လှသည့် တဲအိမ်လေးတစ်လုံးရှိရာသို့ ခေါ်ဆောင်လာခဲ့သောအခါ သူမက “ရှင်အကြံက ဘယ်လိုလဲ” ကျွန်မက ဇိမ်ကျကျနေခဲ့တာလေ” ဟုမေးခဲ့ရာ ကောင်းကင်တမန်က “ဟုတ်ပါတယ် ဒီပေါ်က ငါတို့နေအိမ်တွေကို လူတိုင်းအရင်က ပို့ပေးခဲ့တဲ့အရာတွေနဲ့ ဆောက်လုပ်ခဲ့လို့ ဒါကလည်း မင်းပို့ပေးခဲ့တဲ့အရာနဲ့ ငါတို့အတတ်နိုင်ဆုံး လုပ်ပေးခဲ့တာပါ။ အခြားသူတွေက သခင်ဘုရားနဲ့ သူတစ်ပါးအတွက် အသက်ရှင်ခဲ့ကြတဲ့အတွက် သူတို့ရဲ့ဆုလာဘ်ကလည်း ကြီးမားလှပါတယ်” ဟု ရှင်းပြလိုက်သည်။

သင်သည်လည်း သခင်ဘုရားအား ပေးကမ်းခြင်းဖြင့် ဘုရားသခင်၏ အမှုတော်နှင့် သူ၏နိုင်ငံတော်၌ ရင်းနှီးမြှုပ်နှံမှုကို ပြုနေပါသလား?